# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

# နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

June 16, 2020 Volume 32, Number 12

**၁၆.၆.၂၀၂၀**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၇၂၇ -US$ |
| မြန်မာ့ရွှေဈေး | = ၁၂၂၀၀၀၀ |
| ဒေါ်လာဈေး | = ၁၄၀၃/- ကျပ် |
| CBM Rate | = ၁၃၉၉.၅ ကျပ် |
| ယူရို တစ်ယူရို | = ၁၅၈၆.၂ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၀၀၆.၅ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၇၆၉.၇ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၃၀၂.၄ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၉၆၉.၂၀ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၁၉၇.၇၀ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၁၈.၄၁၁ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၁၅.၄၅ ကျပ် |
| မလေးရှားရင်းဂစ် | =၃၂၇.၄၈ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၅.၀၄၃ ကျပ် |

Source: CBM Rate, etrademyanmar.com

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com

## အသေးစားချေးငွေများ အတင်းအကျပ်ပြန်မကောက်ဘဲ ညှိနှိုင်းဆောင်ရွက်ရန် အစိုးရထပ်မံညွှန်ကြား



အသေးစားချေးငွေ အရင်းနှင့်အတိုးများကို အတင်းအကျပ်ပြန်လည်မကောက်ခံဘဲ ညှိနှိုင်းဆောင်ရွက်ရန် အစိုးရက အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများအား ထပ်မံအသိပေးညွှန်ကြားလိုက်သည်။ သေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှု ကော်မတီက ဇွန် ၁၄ ရက်စွဲဖြင့် ကိုဗစ်ရောဂါဖြစ်ပွားစဉ် ကာလအတွင်း အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများလိုက်နာရန် ညွှန်ကြားချက်အသစ်တစ်စောင် ထုတ်ပြန်ခဲ့သည်။

အဆိုပါကော်မတီက အသေးစားငွေရေးကြေးရေး အဖွဲ့အစည်းများအနေဖြင့် ချေးငွေပြန်လည်ပေးဆပ်နိုင်စွမ်းမရှိသောသူများကို အသေးစားချေးငွေအရင်းနှင့်အတိုးများကို အတင်းအကျပ်ပြန်လည်မကောက်ရန် ယခင်ကလည်း ညွှန်ကြားထားပြီးဖြစ်ကြောင်းဖော်ပြသည်။

သို့သော် လက်ရှိတွင် အချို့အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများက အသင်းဝင်များထံမှ ချေးငွေအရင်းနှင့်အတိုးများ အတင်းအကျပ်ပြန်လည်ကောက်ခံနေကြောင်း သက်ဆိုင်ရာဒေသခံများက သတင်းပေးပို့တိုင်ကြားခဲ့သည်ဟုဆိုသည်။ ထို့ကြောင့် အသေးစားငွေရေးကြေးရေး အဖွဲ့အစည်းများအနေဖြင့် ချေးငွေပြန်လည်ပေးဆပ်နိုင်စွမ်းရှိသော အသင်းဝင်များနှင့်ညှိနှိုင်း၍ ချေးငွေပြန်လည်ကောက်ခံရေးအတွက်ဆောင်ရွက်ရန်နှင့် ချေးငွေပြန်လည်ပေးဆပ်နိုင်စွမ်းမရှိသော အသင်းဝင်များအတွက် ချေးငွေအဟောင်းပြန်လည်ပေးဆပ်ရန် ချေးငွေပြန်လည်ပေးဆပ်မှုကာလတို့အား ညှိနှိုင်းဆောင်ရွက်ကြရန်ညွှန်ကြားကြောင်း ယခုထပ်မံညွှန်ကြားသည့်ညွှန်ကြားစာတွင်ဖော်ပြသည်။

ထို့ပြင် အသေးစားငွေရေးကြေးအဖွဲ့အစည်းများအနေဖြင့် ချေးငွေပြန်လည်ပေးဆပ်နိုင်စွမ်းမရှိသော အသင်းဝင်များအတွက် ကြားခံချေးငွေများ ထုတ်ချေးပေးခြင်းနှင့် ချေးငွေအသစ်များထုတ်ချေးပေးခြင်းတို့ကိုလည်း ညှိနှိုင်းဆောင်ရွက်ကြရန် ကော်မတီကထုတ်ပြန်ခဲ့သည်။ "နိုင်ငံတကာ ကျင့်ဝတ်တွေအရရော၊ အစိုးရရော၊ အသင်း အဖွဲ့အနေနဲ့ပါ အဖွဲ့ဝင်တွေကို လေးစားမှုမရှိဘဲ ချေးငွေအတင်းပြန်ကောက်တာကို အားမပေးပါဘူး။ ကျွန်မတို့က ကျင့်ဝတ်တွေ လေးစားလိုက်နာဖို့တိုက်တွန်း ပါတယ်။ အဖွဲ့အစည်းအများစုမှာ ဖြစ်နေကြတာမဟုတ်ဘဲ အနည်းအကျဉ်းလောက်မှာ ဖြစ်နေတာလို့တော့ ကျွန်မတို့လည်းသိရပါတယ်' ဟု မြန်မာနိုင်ငံ

အသေးစားငွေကြေး လုပ်ငန်းကူညီမှုအသင်းမှ အတွင်းရေးမှူး ဒေါ်ဖြူယမင်းမြတ်ကပြောသည်။

ငွေရေးကြေးရေး ဝန်ဆောင်မှုလုပ်ငန်းများသည် ကိုဗစ်ရောဂါကာကွယ်ထိန်းချုပ်နေသည့်ကာလအတွင်း မရှိမဖြစ်လိုအပ်သော အများပြည်သူဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများဖြစ်ခြင်းကြောင့် အစိုးရ၏ကျန်းမာရေးဆိုင်ရာသတ်မှတ်ချက်များနှင့်အညီ လုပ်ငန်းများ ဖွင့်လှစ်လုပ်ကိုင်ရန်ခွင့်ပြုထားသည်။

**Source:** https://myanmar.mmtimes.com/news/140311.html

## ကိုရီးယားစီးပွားရေးလုပ်ငန်းရှင်များ သတင်းအချက်အလက်ပံ့ပိုးပေးနိုင်ရေး Korea Desk ရန်ကုန်၌ ဖွင့်မည်



မြန်မာနိုင်ငံသို့ စီးပွားရေး လာရောက်လုပ်ကိုင်နေသည့် ကိုရီးယားစီးပွားရေး လုပ်ငန်းရှင်များ သတင်းအချက်အလက်ပံ့ပိုးပေးနိုင်ရေး Korea Desk ကို ရန်ကုန်၌ ကိုဗစ်ကာလအလွန်တွင် ဖွင့်လှစ်မည်ဖြစ်ကြောင်းသိရသည်။ "MoU တော့ ထိုးပြီးသွားပြီ။ ပြင်ဆင်မှုတွေလည်း ဆောင်ရွက်နေတယ်။ မကြာခင်ဖွင့်လှစ်နိုင်တော့မယ်" ဟု စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန လက်ထောက်အတွင်းဝန် ဦးခင်မောင်လွင်က မြန်မာတိုင်းသို့ပြောသည်။

မြန်မာ-ကိုရီးယား နှစ်နိုင်ငံအကြားဖြစ်ပေါ်နေသည့် ကုန်သွယ်မှုဆိုင်ရာ အခက်အခဲများအား ယင်း Korea Desk မှ တစ်ဆင့် ဖြေရှင်းဆောင်ရွက်မည်ဖြစ်ပြီး ကိုရီးယားစီးပွားရေးလုပ်ငန်းရှင်များ အနေဖြင့် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိလာမည်ဖြစ်သည်။ အဆိုပါ Korea Desk ကို ရန်ကုန်မြို့၊ ဗိုလ်ဆွန်ပတ်လမ်းနှင့်ကုန်သည်လမ်းထောင့်ရှိ မြန်မာကုန်သွယ်မြှင့်တင်ရေးအဖွဲ့ရုံးတွင် ဖွင့်လှစ်မည်ဖြစ်သည်။ ကိုရီးယားနိုင်ငံမှ လုပ်ငန်းရှင်များကို ကူညီပေးနိုင်ရေးနှင့်နှစ်နိုင်ငံအကြား စီးပွားရေးနှင့်ပတ်သက်သည့်သတင်းအချက်အလက်များပိုမိုရရှိရေး ဆောင်ရွက်မည်ဖြစ်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ကပြောဆိုသည်။ "ဖွင့်လှစ်မယ့်အချိန်ကို အတိအကျကြီးပြောလို့မရပေမယ့် မကြာခင်ဖွင့်လှစ်နိုင်ဖို့ဆောင်ရွက်နေပါတယ်။ ကိုဗစ်အလွန်လောက်မှာ ဖွင့်လှစ်သွားနိုင်မှာပါ"ဟု စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဒေါ်နော်မူတာကပေါ်ကပြောသည်။

အဆို Koera Desk ဖွင့်လှစ်နိုင်ရေးနှင့်ပတ်သက်ပြီး စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က ဇွန် ၉ ရက်တွင် ရန်ကုန်မြို့ရှိ ကိုရီးယားသံအမတ်ကြီး H.E. Mr. Lee Sang-hwa နှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။

**Source:** https://myanmar.mmtimes.com/news/140301.html

## ဘေဂျင်းတွင် COVID-19 ကူးစက်မှုက မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်ရေးဖြေလျှော့မှုကို အချိန်ထပ်ကြာနိုင်



တရုတ်နိုင်ငံ ဘေဂျင်းမြို့တွင် COVID-19 ကူးစက်မှုသည် မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်ရေး တင်းကျပ်စွာ စစ်ဆေးမှုများဖြေလျှော့မည့် အစီအစဉ်ကို အချိန်ထပ်မံကြာမြင့်စေနိုင်ကြောင်း မူဆယ်နယ်စပ်ရှိ မြန်မာ ကုန်သည်အချို့ကပြောကြားသည်။ COVID-19 ရောဂါ ဒုတိယလှိုင်းကို တင်းကျပ်စွာ တားဆီးရန် ပြင်ဆင်နေသော တရုတ်အစိုးရသည် ဘေဂျင်းမြို့တွင် ရောဂါကူးစက်သည့် အခြေအနေကြောင့် နယ်စပ်ဝင်ပေါက်များကို ထပ်မံ တားဆီးမှုများမပြုလုပ်သော်လည်း လက်ရှိအခြေအနေကို အချိန်ထပ်မံ တိုးမြှင့်ပြီး လုပ်ဆောင်နိုင်သည်ဟု ၎င်းတို့ကဆိုသည်။

မြန်မာနိုင်ငံနှင့် နယ်စပ်ချင်း ထိစပ်နေသော ယူနန်ပြည်နယ် ရွှေလီမြို့တွင်လည်း ရောဂါကူးစက်မှုများ မဖြစ်စေရန် ကျန်းမာရေးနှင့်သက်ဆိုင်သည့် အသိပေးလှုံ့ဆော်မှုများကို တရုတ်အာဏာပိုင်များက မော်တော်ယာဉ်များနှင့် လှည့်လည်

ကြေညာပေးနေကြောင်း မြန်မာကုန်သည်အချို့ကပြောသည်။ “ဘေဂျင်းအခြေအနေကြောင့် ထပ်ပြီးကျပ်ဖို့တော့ မရှိလောက်ပါဘူး။ ဒါပေမဲ့ အခုအခြေအနေကိုတော့ ဖြေလျှော့ပေးဖို့ အချိန်ကြာဦးမယ်လို့တော့ထင်တယ်”ဟု မူဆယ်၊ နန့်ခမ်းကုန်သည်အသင်း တွဲဖက်အထွေထွေ အတွင်းရေးမှူး(၂) ဦးဝင်းအောင်ခန့်ကပြောသည်။ လက်ရှိ မြန်မာ-တရုတ်နယ်စပ်တစ်လျှောက်တွင် လူဝင်၊ လူထွက် ဖြတ်သန်းသွားလာခွင့်တားဆီးထားပြီး ကုန်တင်ယာဉ်များကိုသာ အစားထိုးယာဉ်မောင်းစနစ်ဖြင့် တရုတ်နိုင်ငံအတွင်း ဝင်ခွင့်ပေးနေသည်။

မြန်မာ-တရုတ် နှစ်နိုင်ငံကုန်သွယ်ရေးတွင် အစားထိုးယာဉ်မောင်းစနစ်ဖြင့် နယ်စပ်ဖြတ်ကျော် ကုန်စည်ပို့ဆောင်ခြင်းလုပ်ငန်းက အခက်အခဲများစွာ ကြုံနေရသည်။ ကုန်စည်တင်ပို့မှု အချိန်ကြာမြင့်ခြင်း၊ ကုန်စည်ပို့ ဆောင်ခစျေးနှုန်းမြင့်တက်ခြင်း၊ မြန်မာ့ပို့ကုန်များ အရည်အသွေးကျဆင်းပြီး လေလွင့်မှုများရှိနေခြင်းတို့ကြောင့် မူဆယ်နယ်စပ်မှကုန်သည်များက တရုတ်အစိုးရထံမှ ဖြေလျှော့မှုများကို မျှော်လင့်နေသည်။ “နယ်စပ်ဖြတ်သန်းခွင့်က ဒီအခြေအနေအတိုင်း ဆက်ရှိနေမယ့်သဘောပဲ” ဟု မူဆယ်ဆန်ကုန်စည်ဒိုင် ဒုတိယဥက္ကဋ္ဌ ဦးမင်းသိန်းကပြောသည်။ မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ တင်းကျပ်မှုများရှိနေသော်လည်း တရုတ်ကုန်သည်များ၏ ဝယ်လိုအားကြောင့် ပိုးမွှားကင်းစင်ကြောင်း ထောက်ခံချက်ဖြင့် တစ်ရက်လျှင် ဆန်အိတ်တစ်သောင်းခွဲမှ နှစ်သောင်းအကြား တင်ပို့နေကြောင်း ၎င်းကဆိုသည်။

**Source:** https://7day.news/detail?id=189073

## ဆန်စပါးဝမ်းစာဖူလုံမှု ၈၅ ရာခိုင်နှုန်းသာရှိသော မြိတ်မြို့နယ်တွင် မိုးစပါးစတင်စိုက်ပျိုးနေပြီဖြစ်ပြီး မျိုးကောင်း၊ မျိုးသန့်၊ မျိုးပွားစိုက်ခင်း ၁၇ဝ ကျော်လုပ်ဆောင်ထား



ဆန်စပါး ဝမ်းစာဖူလုံမှု ၈၅ ရာခိုင်နှုန်းသာရှိသော မြိတ်မြို့နယ်တွင် မိုးစပါးများ စတင်စိုက်ပျိုးနေပြီဖြစ်ပြီး မျိုးကောင်း၊ မျိုးသန့်၊ မျိုးပွားစိုက်ခင်း ၁၇ဝ ကျော် လုပ်ဆောင်ထားကြောင်း စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ ရေလုပ်ငန်းကို အဓိကလုပ်ကြသော တနင်္သာရီတိုင်းဒေသကြီးမှာ ဆန်စပါး ဖူလုံမှုနည်းပါးသည့် ဒေသတစ်ခုအဖြစ်တည်ရှိနေသော်လည်း နောက်ပိုင်းတွင် စပါးအထွက်နှုန်းတိုးတက်လာစေရန် ရေမြေရာသီဥတုနှင့်ကိုက်ညီမည့် စပါး မျိုးကောင်းများကို စိုက်ပျိုးလာနေကြောင်းသိရသည်။ အထွက်နှုန်းတိုးတက်လာစေရန် ကျေးရွာအုပ်စုခြောက်ခုတွင် မျိုးသန့် မျိုးပွားစိုက်ခင်းများထူထောင်ကာ လုပ်ဆောင်ထားကြောင်းသိရသည်။ “အထွက်နှုန်း ိုးတက်အောင် ကျွန်တော်တို့ဌာနက အဓိကဦးစားပေးလုပ်ဆောင်နေတာက မျိုးကောင်းမျိုးသန့်တွေကို တောင်သူတွေ လက်လှမ်းမီအောင် စိုက်ပျိုးနိုင်ဖို့ မျိုးကောင်း မျိုးသန့် ထုတ်လုပ်တဲ့ စိုက်ခင်းတွေထူထောင်ပြီး၊ တောင်သူတွေ မျိုးကောင်းမျိုးသန့်ရရှိဖို့ ဆောင်ရွက်နေပါတယ်။ အခုလာမယ့် ၂၀၂၀ မိုးစပါးရာသီမှာ မျိုးသန့်၊ မျိုးပွားစိုက်ခင်းဧက ၁၇ဝ ကျော်ကို ကျေးရွာအုပ်စုခြောက်ခုမှာ လုပ်ကိုင်ဆောင်ရွက်နေပါတယ်။ တောင်သူဦးရေနဲ့ဆိုရင် တောင်သူ ၅ဝ ကျော်ပါဝင်တယ်။ တနင်္သာရီတိုင်းက မြို့နယ် ၁ဝ မြို့နယ်မှာဆိုရင် မြိတ်မြို့နယ်က စိုက်ဧကအများဆုံးရှိတယ်။ တစ်တိုင်းလုံးအနေနဲ့ဆိုရင်တော့ ဧက ၂၀၀၀၀ ရှိတယ်။ ဒီအထဲမှာ စိုက်ဧကအများဆုံးက မြိတ်မြို့နယ် ပါဝင်တယ်” ဟု မြိတ်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းမြတ်စိုးကပြောကြားသည်။

ဆန်ဖူလုံမှုမရှိသည့်အတွက် ဧရာဝတီတိုင်းဒေသကြီးအတွင်းမှထွက်ရှိသည့်ဆန်များကို တင်သွင်းစားသုံးနေရကာ တောင်သ ူများအား အထွက်နှုန်းတိုးတက်လာစေရန် ရေမြေရာသီဥတုနှင့်ကိုက်ညီသည့် စပါးများကိုစိုက်ပျိုးရန် နည်းပညာပေးခြင်းများ၊ ဟောပြောခြင်းများ လုပ်ဆောင်နေရကြောင်း သိရသည်။ “ဈေးကွက်မှာ ဝင်ဆံ့နိုင်တဲ့စပါးမျိုး၊ ရေမြေသဘာဝနဲ့ သင့်တော်တဲ့ စပါးမျိုးအနေနဲ့ လက်ရှိအနေထားမှာဆိုရင် ဆင်းသုခစပါးမျိုး၊ သီရိသုခဆိုတဲ့စပါးမျိုး၊ နွေစပါးမှာဆိုရင် ရက် ၉ဝ စပါးမျိုးတွေက ဈေးကွက်လည်း ဝင်တယ်။ တောင်သူတွေအနေနဲ့လည်း ရေမြေသဘာဝနဲ့ ကိုက်ညီတဲ့ ဒီလိုစပါးမျိုးစိုက်ပျိုးကြဖို့ ကျွန်တော်တို့ နည်းပညာပေးတာတွေ၊ ပညာပေးတာတွေ၊ ဟောပြောပွဲလုပ်တာတွေ ဆောင်ရွက်နေပါတယ်။ တစ်မြို့နယ်နဲ့တစ်မြို့နယ်က အထွက်နှုန်းတွေက သိပ်မကွာကြဘူး။ တစ်ဧကို တင်း ၇ဝ လောက်တော့ထွက်ကြတယ်။ ကျွန်တော်တို့ မြိတ်မြို့နယ်ကတော့ ဒေသဝမ်းစာဖူလုံရေးက ၈၅ ရာခိုင်နှုန်းလောက်ပဲရှိတယ်။ ဒါကလည်း ဘာဖြစ်လို့လဲဆိုတော့ မြိတ်မြို့နယ်က စီးပွားရေး

ဖွံ့ဖြိုးတိုးတက်တဲ့ တခြားဒေသက ပြောင်းလာတဲ့သူတွေများတယ်။ ဒါကြောင့် ဝမ်းစာဖူလုံမှုက ၈၅ ရာခိုင်နှုန်းရှိနေတာ ဖြစ်ပါတယ်” ဟု ဦးဝင်းမြတ်စိုးက ဆက်လက်ပြောကြားသည်။ မြိတ်မြို့နယ်၌ ၂၀၁၉ မိုးရာသီတွင် စပါးစိုက်ဧက ၄၂၄၉၃ ဧကစိုက်ပျိုးခဲ့ပြီး ယခုနှစ်တွင်လည်း အဆိုပါဧကအတိုင်း စိုက်ပျိုးမည်ဖြစ်ကာ စပါးတင်းပေါင်း သိန်း ၃၀ ကျော်ထွက်ရှိရန် လျာထားကြောင်းသိရသည်။

**Source:** https://news-eleven.com/article/178614

## မီးရထားအစီးရေ တိုးချဲ့ပြေးဆွဲမည်

မြန်မာ့မီးရထားက နယ်ဝေးခရီးစဉ်များအပါအဝင် ရန်ကုန်မြို့တွင်း မြို့ပတ်ရထား ခရီးစဉ်များ၏ လက်မှတ်ရောင်းချမှု ပုံစံကိုပြောင်းလဲမည်ဖြစ်ပြီး ရထားအစီးရေ တိုးချဲ့ပြေးဆွဲသွားမှုကို ဇွန် ၁၆ ရက်မှ စတင်မည်ဖြစ်ကြောင်းသိရသည်။ မြန်မာ့မီးရထားသွားလာပို့ဆောင်ရေးဌာန အမှတ် ၇ တိုင်း ရန်ကုန်လက်ထောက်တိုင်း မန်နေဂျာ ဦးကျော်မျိုးလွင်က “ကျနော်တို့ လက်မှတ်ရောင်းချတဲ့ စနစ်ကိုပြင်မယ်။ ရထားအစီးရေကို ဖြည့်ဆည်းပြီး ပြေးဆွဲမယ်။ အဓိကတော့ Social Distancing ကို ရည်ရွယ်တာ ဖြစ်တယ်။ အဲဒီလိုပဲ မြို့ပတ် ရထားပိုင်းမှာလည်း ဧပြီလတုန်းက ခရီး ၂၈ ခု ပြေးရာကနေ စီးနင်းမှု တက်လာတော့ တိုးပြီးတော့ ပြေးတာ အခုချိန်ထိ ၄၀ ဖြစ်တယ်။ အဲဒီတော့ အခု ၁၆ ရက်ကနေ စပြီး ခရီးစဉ် ၁၂ ခု တိုးပြေးပေးမှာ ဖြစ်တော့ ၅၂ ခု ဖြစ်သွားတယ်”ဟု ပြောသည်။

လက်ရှိတွင် မီးရထားစီးနင်းလိုက်သည့် ခရီးသည်များမှာ လက်မှတ်ဝယ်ယူရာတွင် ခုံအပြည့် အထိ ဝယ်လိုအားများ လာခြင်းက COVID-19 ကာကွယ်ထိန်းချုပ်ရေး မူဝါဒနှင့်မကိုက်ညီသောကြောင့် လက်မှတ်ရောင်းချသည့် စနစ်ကိုပြင်ဆင် ဆောင်ရွက်ခြင်း ဖြစ်ပြီး ကျန်းမာရေးဝန်ကြီးဌာန၏ လမ်းညွှန်ချက်များနှင့်အညီ လုပ်ဆောင်သွားမည်ဟုလည်းသိရသည်။ “အရင်က နှစ်ယောက်တွဲခုံ နှစ်ခုံမှာ ၂ ယောက်ထိုင်လို့ ရတယ်။ ခုံအပြည့် ရောင်းနေရင် လူတွေက ပူးကပ်မယ့် အနေ အထား ရှိတော့ အဲဒီလို ၂ ယောက်တွဲခုံမှာ ခရီးသည် ၁ ယောက်ပဲ စီးနိုင်ဖို့ ခုံ ၂ ခုံ ရှိရင် ခရီးသည် ၁ ယောက်ကိုပဲ ကျနော်တို့ကရောင်းမှာ။ ဒီမှုနဲ့ သွားမှာဖြစ်တဲ့အတွက် ရထားတွေကို တိုးဖို့လိုအပ်လာတယ်။ ပြောရရင်တော့ လုပ်ငန်းလိုအပ်ချက်အရ လိုအပ်တဲ့ရထားအစီးရေ ကိုဖြည့်ပြီး ပြေးဆွဲတာဖြစ်တယ်”ဟု ဦးကျော်မျိုးလွင်က ရှောဝတီသို့ပြောသည်။ ယခင်က ၂ ယောက်တွဲခုံများတွင် ၂ ယောက်စီးနင်းခွင့်ပြုခဲ့သော်လည်း ဇွန် ၁၆ ရက်မှစ၍ တယောက်သာစီးခွင့်ရမည်ဖြစ်ကြောင်း၊ လက်မှတ်ခများလည်း စျေးတက်မည်မဟုတ်ကြောင်း ဦးကျော်မျိုးလွင်ကရှင်းပြသည်။ ဆက်လက်၍ ၎င်းက “လက်မှတ်ခ စျေးတော့တက်မသွားပါဘူး။ ၁ ခုံ ၂ ယောက်ကို ၁ ယောက်စီးနင်းရမယ့်ဆိုပေမယ့် သူ့ရဲ့ မူလကျသင့်တဲ့ ၁ ယောက်စာနှုန်းထားပဲယူမှာဖြစ်ပါတယ်။ အတူ လာတဲ့ မိသားစုဆိုလည်း ယေဘုယျအားဖြင့် ခွဲခြားမှာဆိုတော့ ဒါက အားလုံးကိုလုပ်ထားတာပါ”ဟုပြောသည်။ တိုးချဲ့ ပြေးဆွဲမည့် ရထားခရီးစဉ်များမှာ ခရီးဝေး ရထားများ အနေနှင့် ရန်ကုန် – မန္တလေးလမ်းပိုင်း၊ ရန်ကုန် – မော်လမြိုင် လမ်းပိုင်း၊ ရန်ကုန်-ပြည်လမ်းပိုင်း၊ မန္တလေး-မြစ်ကြီးနား လမ်းပိုင်းတို့တွင် ၁ စီးစီ ထပ်တိုး ပြေးဆွဲပေးမည်ဖြစ်ပြီး ရန်ကုန်မြို့တွင်း မြို့ပတ် ရထား လမ်းပိုင်းတွင် မနက်ပိုင်းနှင့်ညနေပိုင်းရုံးဆင်းချိန်များတွင်သာ တိုးချဲ့ပြေးဆွဲပေးသွားမည်ဖြစ်ကြောင်းသိရသည်။

ထိုကဲ့သို့ လိုအပ်ချက်အရ ရထားများ တိုးချဲ့ပြေးဆွဲမည်ဆိုလျှင် တိုးလာသည့်ရထား၏ လောင်စာဆီကုန်ကျစရိတ် ကုန်ကျမှု ရှိလာကြောင်း ယင်းကုန်ကျမှုစရိတ်ကို မြန်မာ့မီးရထားအတွက် လျာထားသည့်ဘတ်ဂျက်ထဲမှ သုံးစွဲသွားမည်ဖြစ်သည်။ ယခင်လ များက ကိုဗစ်ကြောင့် ရထားများ ပြေးဆွဲမှုလျှော့ချလိုက်သည့် အချိန်တွင်လည်း မြန်မာ့မီးရထား၏ ဝင်ငွေ ရရှိမှုမှာ ယခင်ထက် ၃ ပုံ ၂ ပုံ လျော့ကျခဲ့သော်လည်း ပြီးခဲ့သည့် တပတ်အတွင်း ၁ ရက်လျှင် ရထားစီးနင်းသည့် ခရီးသည် ၁၃၀၀၀ အထိ ပြန်လည် မြင့်တက်လာကြောင်း မြန်မာ့မီးရထားမှသိရသည်။ ထို့အပြင် အဝေးပြေးကားလိုင်းများကလည်း Social Distancing နှင့်အညီ New Normal ပုံစံသစ်များနှင့်ပြေးဆွဲရန် ပြင်ဆင်လာမှုများရှိသည်။

အောင်မင်္ဂလာ အဝေးပြေး စည်ပင်သာယာ ဦးစီးဌာန၊ အခွန်ဌာန လက်ထောက် ဌာနမှူး ဦးရန်ငြိမ်းချမ်းက “အခုက ယာဉ်လိုင်း အနေနဲ့က အကုန်လုံးနီးပါးတော့ ပြန်ထွက်ပါပြီ။ ကားအစီးရေကတော့ အကုန်လုံးနီးပါး မထွက်သေးဘူး။ အရင် ၁၀ စီးထွက်တဲ့ သူက အခု ၅ စီး၊ တချို့လည်း ၂ စီးပေါ့။ Social Distancing နဲ့ အညီ ပြေးဆွဲတာတော့ တော်တော်များများက လုပ်ကြပါတယ်။ JJ Express တို့ မန္တလာမင်းတို့ရှိတယ်။ မလုပ်တဲ့ယာဉ်လိုင်းတွေအရေးယူခြင်း၊ မယူခြင်းက လောလောဆယ်

တော့ မရှိသေး ဘူး”ဟု ဧရာဝတီသို့ပြောသည်။

ယခု ကိုဗစ်ကာလတွင် ကျန်းမာရေးဝန်ကြီးဌာန၏ လမ်းညွှန်ချက်နှင့်အညီ လိုက်နာဆောင်ရွက်ရန်အတွက် အစည်းအဝေးများတွင်လည်း သက်ဆိုင်ရာရန်ကုန်တိုင်းဒေသကြီး ကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့ (YRTA) ၊ ပို့ဆောင်ဆက်သွယ်ရေးတို့က စည်းကြပ်ပေးပါက အောင်မင်္ဂလာအဝေးပြေးဝင်းအတွင်းဖွဲ့စည်းသော အကျိုးဆောင်အဖွဲ့မှ စည်းကြပ်ပေးရန် ကမ်းလှမ်းမှုများရှိနေသည်ဟု ၎င်းကပြောသည်။

ရန်ကုန်တိုင်းဒေသကြီးအခြေပြု အောင်မင်္ဂလာအဝေးပြေးဝင်းနှင့် ဒဂုံဧရာအဝေးပြေးဝင်းတို့မှ မြန်မာတနိုင်ငံလုံးသို့ ပြေးဆွဲပေးနေသော ယာဉ်လိုင်းပေါင်းမှာ ၃၈၇ လိုင်း၊ ယာဉ်အစီးရေ ၃၇၀၀ ကျော်နှင့် နေ့စဉ် အဝေးပြေး ခရီးသွား ၂ သောင်းနီးပါးကို သယ်ယူပို့ဆောင်ပေးနေခြင်းဖြစ်ကြောင်း YRTA ၏ ကိုဗစ်–၁၉ ကာလ မတိုင်မီ စာရင်းများအရသိရသည်။

**Source:** https://burma.irrawaddy.com/news/2020/06/16/224692.html

## ထိုင်းကို နိုင်ငံခြားသားခရီးသွားများ ဝင်ရောက်ခွင့်ပြုတော့မည်

ထိုင်းနိုင်ငံမှာ ခရီးသွားလုပ်ငန်းဟာ အဓိကကျတဲ့ စီးပွားရေးလုပ်ငန်းတခုပါ။ ကိုဗစ် ကာလအတွင်း ထိုင်းကို လာရောက်လည်ပတ်တဲ့ နိုင်ငံခြားသား ခရီးသွားအရေအတွက် ကျဆင်းခဲ့ပါတယ်။ ဒါကြောင့် ခရီးသွားလုပ်ငန်းအပါအဝင် တခြားစီးပွားရေးတွေလည်း ကျဆင်းခဲ့ရပါတယ်။ မကြာခင်အချိန်အတွင်းမှာတော့ ထိုင်းနိုင်ငံအနေနဲ့ ၁ ရက်ကို နိုင်ငံခြားခရီးသွား ၁၀၀၀ လက်ခံမယ်လို့ သိရပါတယ်။ ထိုင်းကို လာရောက်မယ့် နိုင်ငံခြားသားခရီးသွားတွေကို ၁၄ ရက် Quarantine ဝင်ခိုင်းမယ့် စည်းမျဉ်းကိုလည်း ဖယ်ရှားခဲ့ပါတယ်။ လောလောဆယ်လက်ခံမယ့် နိုင်ငံခြားသားခရီးသွားတွေကတော့ စီးပွားရေး လုပ်ငန်းရှင်တွေနဲ့ ထိုင်းနိုင်ငံမှာ ဆေးကုသမှုခံယူလိုတဲ့လူတွေ ဖြစ်တယ်လို့သိရပါတယ်။ ကိုဗစ်ကပ်ရောဂါကို ထိန်းချုပ်လာနိုင်သလို ခရီးသွားလုပ်ငန်းမြှင့်တင်ရေးအစီအစဉ်တွေ အောင်မြင်လာခဲ့ရင်တော့ ထိုင်းနိုင်ငံကို လာရောက်လည်ပတ်လိုတဲ့ ဘယ်ခရီးသွားကိုမဆို လက်ခံသွားဖို့ ထိုင်းအစိုးရအနေနဲ့ စီစဉ်နေပါတယ်။

ထိုင်းနိုင်ငံကထွက်သွားမယ့် ခရီးသွားတွေအပါအဝင် ဝင်ရောက်လာမယ့်ခရီးသွားတွေကိုလည်း COVID-19 ရောဂါနဲ့ပတ်သက်ပြီး စမ်းသပ်မှုတွေပြုလုပ်သွားမယ်လို့ အစိုးရပြောခွင့်ရပုဂ္ဂိုလ် Traisuree Taisaranakul ကပြောပါတယ်။ နိုင်ငံခြားသားခရီးသွားတွေကို လာရောက်ခွင့်ပြုလိုက်တယ်ဆိုပေမယ့် ထိုင်းနိုင်ငံကို လွတ်လွတ်လပ်လပ်လာရောက် လည်ပတ်လို့ရပြီလို့ ဆိုလိုတာတော့မဟုတ်ပါဘူး။ တချို့နိုင်ငံတွေကိုတော့ ဆက်လက်တားမြစ်ထားဆဲဖြစ်တယ်လို့ သူမက ပြောပါတယ်။ နိုင်ငံခြားသားတွေ ဝင်ရောက်ခွင့်ပြုမယ့်အစီအစဉ်အသေးစိတ်ကိုတော့ ထိုင်းနိုင်ငံခရီးသွားလာရေးလုပ်ငန်းနဲ့ အားကစားဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာနနဲ့ နိုင်ငံခြားရေးဝန်ကြီးဌာနတို့ပူးပေါင်း ဆွေးနွေးခဲ့ကြတယ်လို့သိရပါတယ်။

ကိုဗစ်ကာလအတွင်း ထိုင်းနိုင်ငံရဲ့ ခရီးသွားလုပ်ငန်းတွေအနေနဲ့ ကြီးမားတဲ့ ဆုံးရှုံးမှုနဲ့ ရင်ဆိုင်ခဲ့ရပါ တယ်။ ဒါကြောင့်လည်း ထိုင်းနိုင်ငံ ခရီးသွားလာရေးဝန်ကြီးဌာနက နိုင်ငံခြားသားခရီးသွားဧည့်သည်တွေ လုံခြုံစွာလာရောက်လည်ပတ်နိုင်ဖို့ ပထမခြေလှမ်းကို စတင်လိုက်ခြင်းဖြစ်တယ်လို့ Traisuree Taisaranakul ကပြောပါတယ်။ နိုင်ငံရပ်ခြားကပြန်လာတဲ့ ထိုင်းလူမျိုးတွေကိုတော့ ၁၄ ရက် Quarantine ဝင်ခိုင်းပြီး နိုင်ငံခြားသားတွေကိုတော့ ၁၄ ရက် Quarantine မဝင်ခိုင်းတဲ့အတွက် ထိုင်းလူမျိုးတွေကတော့ အစိုးရရဲ့ပေါ်လစီကို ဝေဖန်နေကြပါတယ်။

နိုင်ငံခြားသားခရီးသွားတွေ ထိုင်းနိုင်ငံတွင်းဝင်ရောက်မှုနဲ့ပတ်သက်ပြီး ပြည်သူလူထုရဲ့သဘောထားကို စစ်တမ်းကောက်ယူရာမှာ ၅၄ ဒသမ ၃၉ ရာခိုင်နှုန်းက သဘောမတူဘဲ ၂၄ ဒသမ ၂၈ ရာခိုင်နှုန်းကတော့ကျဆင်းသွားတဲ့ စီးပွားရေးလုပ်ငန်းတွေကို ပြန်လည်ဖာထေးနိုင်ဖို့အတွက် နိုင်ငံခြားသားခရီးသွားဝင်ရောက်မှုကို သဘောတူကြပါတယ်။ စစ်တမ်းဖြေဆိုသူအများစုက ပြည်တွင်းခရီးသွားတွေ အများဆုံးလာရောက်လည်ပတ်လေ့ရှိတဲ့ အထင်ကရနေရာတွေကိုလည်း တင်းကျပ်တဲ့စည်းမျဉ်းစည်းကမ်းတွေ ချမှတ်သင့်တယ်လို့ သုံးသပ်နေကြပါတယ်။

**Source:** https://burma.irrawaddy.com/lifestyle/travel/2020/06/15/224649.html

## ကျေးလက်က မိသားစုတစ်ပိုင်တစ်နိုင် လက်မှုလုပ်ငန်းများ အစိုးရထောက်ပံ့ချေးငွေလိုအပ်နေ



ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံမြို့နယ်၊ ကျုံတာကျေးရွာအုပ်စု၊ ရှမ်းကွင်းကြီး ကျေးရွာနေ မိသားစုတွေဟာ အသက်မွေးဝမ်းကျောင်း ရိုးရာလက်မှုပညာတစ်ခု ဖြစ်တဲ့ မြှုံးလုပ်ငန်းကိုလုပ်ကိုင်ပြီး အသက်မွေးဝမ်းကြောင်းပြုနေကြပါတယ်။ ကျေးလက်တောရွာတွေမှာ မိသားစုစားဝတ်နေရေးအတွက် လုပ်ကိုင်နေတဲ့ မိသားစုတစ်ပိုင်တစ်နိုင် အသေးစားလက်မှုပညာလုပ်ငန်းတွေဟာ ရေရှည် ရပ်တည်ဖို့အတွက် အခက်အခဲတွေနဲ့ကြုံတွေ့နေရပြီး နိုင်ငံတော်အစိုးရရဲ့ အသေးစားထောက်ပံ့ချေးငွေရရှိဖို့ မျှော်လင့်နေကြပါတယ်။ မိသားစုစားဝတ် နေရေး ရပ်တည်ဖြေရှင်းနိုင်ဖို့ ရှမ်းကွင်းကြီးကျေးရွာက မြှုံးယက်လုပ်နေကြတဲ့ အမျိုးသမီးတွေဟာ မြှုံးလုပ်ငန်းရင်းနှီးဖို့အတွက် အရပ်ထဲက အတိုးကြီးတွေနဲ့ချေးပြီး ရင်းနှီးလုပ်ကိုင်နေကြရတာပါ။

ဒါ့ကြောင့် မိသားစုစားဝတ်နေရေး ကလေးတွေရဲ့ကျောင်းပညာရေး အခက်ကြုံတွေ့နေရပြီး အစိုးရလုပ်ငန်းရင်းနှီးဖို့ အသေးစားချေးငွေလေးတွေထောက်ပံ့ချေးပေးရင် လက်မှုပညာမြှုံးလုပ်ငန်းတွေ ဒီထက်မကတိုးချဲ့သွားနိုင်တယ်လို့ မြှုံးယက် လုပ်နေသူ အမျိုးသမီးတွေကဆိုပါတယ်။ မြှုံးယက်လုပ်နေသူ မနွဲ့နွဲ့စန်းက “ကျမက အရင်းအနှီးမရှိတော့ လက်ခစားနဲ့ယက် လုပ်တယ်။ မြှုံးတစ်လုံးကို လက်ခ ၈၀ ကျပ်ရတယ်။ နေ့ရောညပါယက်ရင် တနေ့ကို အလုံး ၄၀ လောက်ပြီးတယ်။ တစ်နေ့ကို ကျပ် ၃၀၀၀ ကျော်လောက်ရတယ်။ ကျောင်းသားတွေလည်းရှိတော့ မိသားစုစားဝတ်နေရေး အခက်အခဲတွေရှိတာပေါ့” လို့ ပြောပါတယ်။

ဝါးကိုအဆင့်ဆင့် ယက်လုပ်နိုင်တဲ့ နှီးဖြစ်အောင်ပြုလုပ်ရပြီး နှီးအဆင့်ရပြီးဆိုတော့မှ မြှုံးယက်လုပ်ကြပါတယ်။ ရရှိလာတဲ့ မြှုံးတွေကိုတော့ မြှုံးတစ်လုံးကို ကျပ် ၈၀၀ ကျပ်နဲ့ ဈေးကွက်ထဲသို့ တင်ပို့ရောင်းချကြပါတယ်။ အဲဒီ မြှုံးတွေကို မြစ်ထဲ၊ ချောင်းထဲ၊ လယ်ထဲတွေမှာ ငါးထောင်ရာမှာ အသုံးပြုကြတာပါ။ အဲဒီရှမ်းကွင်းကျေးရွာလေးဟာ ဖျာပုံမြို့ရဲ့ မြောက်ဘက်ခြမ်းမှာ ရှိပြီး ဖျာပုံမြစ်ဘေးမှာတည်ရှိကာ မြှုံးလုပ်ငန်း၊ လယ်ယာလုပ်ငန်း၊ ဥယျာဉ်လုပ်ငန်း၊ ရေလုပ်ငန်း၊ မိရိုးဖလား မြန်မာမုန့် လုပ်ငန်းတွေလည်းလုပ်ကိုင်ကြပါတယ်။ အဲဒီရွာကထွက်ရှိလာတဲ့ ရှမ်းကွင်းငါးသလောက်၊ ရှမ်းကွင်းမုန့်ဖက်ထုပ်၊ ရှမ်းကွင်း ကောက်ညှင်းထုပ်တို့ဟာဆိုရင် နာမည်ကြီးလူကြိုက်များတဲ့ ကျေးရွာရဲ့ဒေသထွက်ကုန်တွေဖြစ်ကြပါတယ်။

လက်ရှိ ကိုဗစ်-၁၉ ရောဂါကပ်ဘေးကာလမှာ အစိုးရက အသေးစား၊ အလတ်စားနဲ့ တခြားစီးပွားရေးလုပ်ငန်းကြီး တွေကိုတော့ အတိုးနှုန်းသက်သာစွာနဲ့ ကိုဗစ်ရန်ပုံငွေကနေ ထုတ်ချေးပေးနေတာရှိပေမဲ့ တစ်ပိုင်တစ်နိုင် မိသားစုလက်မှု လုပ်ငန်းလေးတွေကိုတော့ ထောက်ပံ့ကူညီပေးတာမရှိပါဘူး။

**Source:** http://burmese.dvb.no/archives/394325

## ငါး၊ ပုစွန်မွေးကန်များ ရေကြီးနစ်မြုပ်မှုမှ ကြိုတင်ကာကွယ်ရေး သတိပေးချက်ထုတ်

ငါး၊ ပုစွန်မွေးမြူရေးကန်များအနေနှင့် မိုးအလွန်အကျွံရွာသွန်းခြင်းနှင့် မြစ်ရေကြီးခြင်းများကြောင့် ရေကြီးနစ်မြုပ်ခြင်းမှ ကြိုတင်ကာကွယ်ရန်နှင့် ဆုံးရှုံးမှုလျော့နည်းစေရန်အတွက် လိုက်နာဆောင်ရွက်ရမည့်အချက်များကို ငါးလုပ်ငန်းဦးစီးဌာနက သတိပေးချက်ထုတ်ပြန်လိုက်သည်။

ငါးမွေးမြူရေးကန်များ၏ ကန်ပေါင်များ ခိုင်ခံ့ရန်အတွက်ကန်ပေါင်ပါးသည့်နေရာများတွင် သဲအိတ်များဖို့၍ ကန်ပေါင် ခိုင်ခံ့အောင်ပြုလုပ်ခြင်း၊ ရေကြီးရေလျှံလာပါက ငါးများလွတ်ထွက်မှုမရှိစေရန် ဇာပြာပိုက်များဖြင့်ကာထားရန်၊ ရေစီးကြောင်း နှင့် နီးသောငါးကန်များတွင် ရေတိုက်စားမှုကာကွယ်ရန်အတွက် တုတ်ရိုက်ပြီး ဝါးထရံများဖြင့်ကာ၍ သဲအိတ်များ ဖို့ထားရန်စသည့်အချက်များ ဆောင်ရွက်ရမည်ဖြစ်ကြောင်းသိရသည်။ ထို့ပြင် လိုအပ်ပါကငါးများရွှေ့ ပြောင်းနိုင်ရန်အတွက် ငါးဖမ်းပိုက်များ၊ စက်လှေများနှင့် စက်ပစ္စည်းများကို ကြိုတင်ပြင်ဆင်ထားရန်နှင့် မျိုးငါးကြီးများကို ဦးစားပေးရွှေ့ပြောင်း ထားရန်၊ သိုလှောင်ထားသည့် ငါးအစာနှင့်လုပ်ငန်းသုံးပစ္စည်းများကို ရေလွတ်သည့်နေရာသို့ ရွှေ့ပြောင်းထားရန်၊ ပုံမှန် အစာကျွေးခြင်းဖြင့် ငါးများလွတ်ထွက်မသွားစေရေး ဆောင်ရွက်ထားရန်၊ မွေးမြူရေးကန်၏ ရေထွက်၊ ရေလျှံပေါက်များ၊

ရေကျော်မည့်နေရာများကိုစစ်ဆေးရန်နှင့် မိုးလေဝသသတိပေးချက်များနှင့်ပတ်သက်သည့်သတင်းများကို ဂရုတစိုက်နားထောင်ရမည်ဖြစ်ကြောင်း သတိပေးချက်ထုတ်ပြန်ထားသည်။

မိုးလေဝသနှင့်ပတ်သက်သည့်သတင်း၊ ဆောင်းပါးများကို အမြဲမပြတ်ဖတ်ရှုပြီး ငါးမွေးမြူသူအချင်းချင်း သတင်းအချက်အလက်ဖလှယ်ကြရန်၊ ရေကြီးနစ်မြုပ်မှုအတွက် အရေးပေါ်အခြေအနေများဖြစ်ပေါ်ပါက နီးစပ်ရာငါးလုပ်ငန်းဦးစီးဌာနများနှင့် ဆက်သွယ်အကူအညီတောင်းခံကြရမည်ဖြစ်ကြောင်း ငါးလုပ်ငန်းဦးစီးဌာနထံမှသိရသည်။

**Source : The Voice**

https://news.ydnp.net/351689/

## ယမကာတင်သွင်းခွင့် မှတ်ပုံတင်ကြေးများ သတ်မှတ်ကြေညာ

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာနက ယမကာတင်သွင်းခွင့် မှတ်ပုံတင်လျှောက်ထားခြင်းနှင့်စပ်လျဥ်း၍ မှတ်ပုံတင်ကြေး၊ မှတ်ပုံတင်သက်တမ်းတိုးကြေး၊ မှတ်ပုံတင်ပြင်ဆင်ကြေးများကို သတ်မှတ်ကြေညာလိုက်ကြောင်း ယင်းဌာနထံမှသိရသည်။ လက်ရှိ ဝိုင်တင်သွင်းခွင့်မှတ်ပုံတင်ရရှိထားသူများအနေနှင့် အရက်တင်သွင်းလိုပါက ဝိုင်တင်သွင်းခွင့်မှတ်ပုံတင်ကို ပြန်လည်အပ်နှံကာ ယမကာတင်သွင်းခွင့်မှတ်ပုံတင်ကို လုပ်ထုံးလုပ်နည်းများပါ သတ်မှတ်ချက်များနှင့်အညီလျှောက်ထား၍ တင်သွင်းနိုင်မည်ဖြစ်ကြောင်းသိရသည်။

ယမကာတင်သွင်းခွင့် မှတ်ပုံတင်သက်တမ်းကို တစ်နှစ်ခွင့်ပြုမည်ဖြစ်ပြီး မှတ်ပုံတင်သက်တမ်းတိုးခြင်းကို တစ်ကြိမ်လျှင်တစ်နှစ်တိုးမြှင့်ခွင့်ပြုမည်ဖြစ်ကာ မှတ်ပုံတင်ကြေးမှာ ကျပ်ငါးသောင်းဖြစ်ကြောင်း၊ မှတ်ပုံတင်သက်တမ်းတိုးကြေးမှာ တစ်နှစ်အတွက် ကျပ်ငါးသောင်းဖြစ်ကြောင်း သတ်မှတ်ကြေညာထားသည်။ မှတ်ပုံတင်ပြင်ဆင်ကြေးမှာ ပြင်ဆင်ချက်တစ်မျိုးလျှင်ကျပ် ၁၀,၀၀၀ ဖြစ်ပြီး ယမကာတင်သွင်းခွင့်မှတ်ပုံတင် (သက်တမ်းတိုး) လျှောက်ထားရာတွင် ညွှန်ကြားရေးမှူးချုပ်ထံလိပ်မူ၍ ကုမ္ပဏီ/ အသင်းအဖွဲ့ Letter Head နှင့်လျှောက်လွှာ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ယစ်မျိုးခွင့်ပြုလိုင်စင် FL-11 သို့မဟုတ် FL-4 ၊ FL-5 မူရင်း၊ ယမကာတင်သွင်းခွင့် မှတ်ပုံတင်လက်မှတ်မူရင်း၊ ကုမ္ပဏီ/ အသင်းအဖွဲ့များ၏ ဒါရိုက်တာအဖွဲ့ဝင် ကိုယ်တိုင်မဟုတ်ပါက ကိုယ်စားလှယ်ကတ်နှင့် ကိုယ်စားလှယ်လွှဲစာများ လိုအပ်မည်ဖြစ်ကြောင်း ကြေညာချက်တွင်ပါရှိသည်။

ယမကာတင်သွင်းခွင့် မှတ်ပုံတင်ပါအချက်များ (ပြင်ဆင်) ရန်လျှောက်ထားရာတွင် ညွှန်ကြားရေးမှူးချုပ်ထံလိပ်မူ၍ ကုမ္ပဏီ/အသင်းအဖွဲ့ Letter Head နှင့်လျှောက်လွှာ၊ ယစ်မျိုးလိုင်စင်ပါအမည်ပြောင်းလဲပါက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ယစ်မျိုးခွင့်ပြုလိုင်စင် FL-11 သို့မဟုတ် FL-4 ၊ FL-5 မူရင်း၊ ယမကာတင်သွင်းခွင့်မှတ်ပုံတင်လက်မှတ်မူရင်း၊ ကုမ္ပဏီ/အသင်းအဖွဲ့များ၏ ဒါရိုက်တာအဖွဲ့ဝင်ကိုယ်တိုင် မဟုတ်ပါက ကိုယ်စားလှယ်ကတ်နှင့် ကိုယ်စားလှယ်လွှဲစာများ လိုအပ်မည်ဖြစ်ကြောင်းသိရသည်။

**Source : The Voice**

https://news.ydnp.net/351524/

## ပြည်ပတင်သွင်းခွင့်မရသေးသဖြင့် ရခိုင်ပြည်နယ် ကဏန်းလုပ်ကိုင်သူများ ဆုံးရှုံးမှုကြုံနေရ

ကိုဗစ်-၁၉ ရောဂါကူးစက်မှုကြောင့် ရခိုင်ပြည်နယ်ကထွက်ရှိတဲ့ကဏန်းတွေကို ပြည်ပတင်သွင်းခွင့်မရရှိသေးတာကြောင့် ကဏန်းဈေး တည်ငြိမ်မှုမရှိဘဲ ဈေးနှုန်းကျဆင်းနေကာ ဆုံးရှုံးမှု ကြုံနေရတယ်လို့ ကဏန်းရောင်းဝယ်ရေးလုပ်သူတွေကပြောပါတယ်။ အခုနှစ် ဖွန်လအစပိုင်းက ကဏန်းအကြီး ၁ ကီလိုကို ကျပ် ၅၀၀၀ မှ ကျပ် ၆၀၀၀ အထိဈေးတက်ခဲ့ပေမယ့် လက်ရှိမှာ ၁ ကီလိုကို ၂၅၀၀ ကျပ်အထိ ဈေးပြန်ကျဆင်းသွားတယ်လို့ မာန်အောင်မြို့နယ်က ကဏန်းဝယ်ယူရောင်းချနေသူ ကိုစိုးငြိမ်းဇော်က DVB ကို ပြောပါတယ်။ "ကဏန်းဈေးက မငြိမ်ဘူးဗျ။ လအစပိုင်းကတော့

ဈေးနည်းနည်း တက်တယ်။ အခု ဈေးပြန်ပြီး ကျဆင်းသွားတယ်။ အခုတော့ အကြီး ၁ ကီလိုကို ၂၅၀၀၊ အငယ်ကတော့ ၁၅၀၀ နဲ့ ဝယ်နေရတယ်။ ပြီးတော့ ပြည်ပဈေးကွက်ကလည်း မဖွင့်သေးဘူးဆိုတော့ ဈေးကမငြိမ်ဘူးဖြစ်နေတယ်။ ကျနော်တို့လည်း အခက်တော်တော်တွေ့တယ်။ အရောင်းအဝယ်လုပ်ရတာရှုံးတာလည်း တော်တော်များနေပြီ။" မာန်အောင်မြို့နယ်အတွင်းက ကဏန်းရှာဖွေသူတွေအနေနဲ့ မိုးဦးပိုင်း တက်ကဏန်းတွေကို အရင်နှစ်တွေက ဈေးကောင်းရရှိမှုကြောင့် တနေ့ ငွေကျပ် ၄၀,၀၀၀ အထိရရှိခဲ့ပေမယ့် အခုနှစ်မှာ ဈေးကောင်းမရတာကြောင့် တနေ့တာအတွက် ငွေကျပ် ၁၅,၀၀၀ အထိသာ ရရှိနေတယ်လို့ဆိုပါတယ်။

ရမ်းဗြဲမြို့နယ် ကဏန်းအရောင်းအဝယ်လုပ်ကိုင်သူ ကိုမင်းနိုင်က "အခုတော့ ကယ်ရီ ကဏန်းတွေကို ၅၀၀၀ ဈေးနဲ့ ပြန်ရောင်းနေတယ်။ ကျနော်တို့ မွေးကဏန်း ဝယ်တုန်းကလည်း ၅၀၀၀ ပဲ။ ဒါပေမဲ့ စားဝတ်နေရေးအတွက် အရင်းအတိုင်းနဲ့ ပြန်ရောင်းနေရတယ်။ ဒါတောင် တောင်ကုတ်ဘက်က ဝယ်တာမဟုတ်ဘူး။ တပ်တောင်ဘက်က လာဝယ်တာ၊ တပ်တောင်ဘက်မှာတော့ ဈေးကွက်တခုဖြစ်နေတယ်ကြားတယ်။ ဘယ်ကိုပို့တယ်ဆိုတာတော့ ကျနော်တို့မသိဘူး" လို့ သူကပြောပါတယ်။

နှစ်စဉ် ကဏန်း ၁ ကီလိုကို ပျမ်းမျှ ၈၀၀၀ ကျပ်နှုန်းလောက် ရောင်းချရပေမယ့် တရုတ်နိုင်ငံက စတင်ဖြစ်ပွားခဲ့တဲ့ ကိုဗစ်-၁၉ရောဂါကြောင့် ကုန်သွယ်ရေးလမ်းကြောင်းတွေ ပိတ်ဆို့ထားတဲ့အတွက် ကဏန်းဈေးမှာ အဆမတန် ကျဆင်း သွားခဲ့ပြီး ကဏန်းကယ်ရီလုပ်ကိုင်သူ၊ ကဏန်းရှာဖွေသူတွေ အခက်တွေ့နေရတယ်လို့သိရပါတယ်။

**Source : DVB**

https://news.ydnp.net/351488/

## ဗွန်လမှစတင်၍ ကွမ်းဈေး အတက်ဘက်သို့ဦးတည်လာ



ဗွန်လမှစတင်၍ ကွမ်းဈေးများ အတက်ဘက်သို့ဦးတည်လာကြောင်း တောင်သူများကပြောသည်။ မြန်မာပြည်အထက်ပိုင်းမှာ ကွမ်းဈေးက စတက်နေပါပြီ။ သီရိမင်္ဂလာဈေးကို အဓိကတင်ပို့နေတဲ့ ရေဝတီတိုင်း ကွမ်းဈေးကတော့ မတက်မကျအနေအထား ဖြစ်နေပါပြီ။ သီရိမင်္ဂလာဈေးကို အခုလတ်တလော ကွမ်းကောင်း တွေဝင်နေတုန်းမို့ မတက်မကျဖြစ်နေတာပါ။ ဈေးကျဖို့တော့ မရှိတော့ပါဘူး။ ဈေးဆက်တက်ဖို့ပဲ ရှိပါတော့တယ်ဟု ရေဝတီတိုင်း၊ ပုသိမ်ခရိုင်၊ ကျောင်းကုန်းမြို့နယ်၊ သစ်ဆိမ့်ကုန်းအုပ်စု၊ မှော်သေးကျေးရွာမှ ကွမ်းစိုက်တောင်သူ ကိုထွန်းထွန်းက ပြောသည်။ ကွမ်းဈေးကောင်းရရှိစေရန် မတ်လ၊ မေလ၊ ဇူလိုင်လနှင့်အောက်တိုဘာလများတွင် စိုက်ပျိုးကြပြီး၊ မြန်မာပြည်အထက်ပိုင်းတွင် ကွမ်းနုဝါ၊ မြန်မာပြည်အောက်ပိုင်းတွင် ရိုးညို၊ ထိုင်ဝမ် (အများအခေါ်) ကွမ်စိမ်းများကို အများဆုံးစိုက်ပျိုးကြသည်။

မြန်မာပြည်အောက်ပိုင်း ကွမ်းဈေးကတော့ မိုးများလေလေ၊ ရေတက်လေလေ၊ ရာသီဥတု ပိုဆိုးလေလေ၊ ကွမ်းဈေးက တက်လေလေပါဘဲ။ ကျွန်တော်တို့ဆီကထွက်တဲ့ ကွမ်းကိုရောင်းချတဲ့အခါ ပယ်ကြီး၊ ရှယ်(ဆိုဒ်မှန်)၊ အလတ်၊ အကျဆိုပြီး အမျိုးအစား ၄ မျိုး လောက်ခွဲခြားပါတယ်ဟု ကိုထွန်းထွန်းကဆက်လက်ပြောသည်။ လက်ရှိတွင် ကွမ်းတစ်ပိဿာလျှင် ကျပ် ၇၀၀၀ မှ ကျပ် ၈၅၀၀ အတွင်း ဈေးနှုန်းများဖြင့် ရောင်းဝယ်ဖောက်ကားနေပြီး ဇူလိုင်လ၊ ဩဂုတ်လများတွင် ကွမ်းဈေးများ ပိုမိုမြင့်တက်လာနိုင်ကြောင်း ရန်ကုန်၊ သီရိမင်္ဂလာဈေး ဈေးကွက်မှသိရသည်။

**Source:** https://greenwaymyanmar.com/posts/betel_leaf_price_is_rise

## တရုတ်-မြန်မာ ကျွမ်းကျင်လုပ်သားဖလှယ်ရေး ဌာနသစ်ဖွဲ့စည်း

တရုတ်-မြန်မာနှစ်နိုင်ငံ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုမှာ မရှိမဖြစ်လိုအပ်တဲ့ ကျွမ်းကျင်ပညာရှင်နဲ့လုပ်သားတွေ အပြန်အလှန်စေလွှတ် တာဝန်ပေးနိုင်မယ့် အမြန်လမ်းဆိုတဲ့ဌာနအသစ်တခုကို ပူးပေါင်းဖွဲ့စည်းတည်ထောင်လိုက်တယ်လို့ သတင်းရရှိပါတယ်။ တရုတ်ကုမ္ပဏီက ပုဂ္ဂိုလ်တယောက်အနေနဲ့ မြန်မာနိုင်ငံကို စီးပွားရေးကိစ္စနဲ့လာချင်ရင်၊ အဲဒီ အမြန်လမ်း ဆိုတဲ့ဌာနကို အရင်ဆုံးဆက်သွယ်ရမှာဖြစ်ပြီး၊ ဒီဌာနကနေ သူလိုအပ်မယ့် မြန်မာဘက်ကဌာနနဲ့ ဆက်သွယ်ပေးမှာ ဖြစ်ပါတယ်။ ရေနံနဲ့သဘာဝဓာတ်ငွေ့တူးဖော်တဲ့လုပ်ငန်းခွင်တွေ၊ လျှပ်စစ်စက်ရုံတွေနဲ့ အခြေခံအဆောက်အဦးစီမံကိန်းတွေကို ပြန်စတဲ့အခါ လိုအပ်မယ့်သူတွေကို စေလွှတ်နိုင်ဖို့အတွက်ဖွဲ့စည်းတာလို့ တရုတ်နိုင်ငံခြားရေးဌာနပြောခွင့်ရသူ ကျောက်လီဂျန်းက ပြောပါ တယ်။

တရုတ်ရဲ့ပိုးလမ်းမစီမံကိန်းမှာ မြန်မာနိုင်ငံနဲ့ပတ်သက်တဲ့ CMEC လို့ခေါ်တဲ့ တရုတ်-မြန်မာစီးပွားရေးစင်္ကြံလမ်းက လုပ်ငန်းခွင်တွေမှာ အဆင်ပြေဖို့အပြင်၊ နှစ်နိုင်ငံလူမှုရေးနဲ့စီးပွားရေးဖွံ့ဖြိုးရေးမှာပါ အဆင်ပြေအောင်ရည်ရွယ်ပြီး ဒီလို အမြန်လမ်းဆိုတာကို ဖွဲ့စည်းတာလို့လဲ သူကပြောပါတယ်။ အမြန်လမ်းဌာနနဲ့ဆက်သွယ်လုပ်ကိုင်နေတဲ့ကုမ္ပဏီက CNPC ဆိုတဲ့ တရုတ်အမျိုးသားရေနံကော်ပိုရေးရှင်းနဲ့ CITIC ဆိုတဲ့ တရုတ်အပြည်ပြည်ဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာကော်ပိုရေးရှင်းတို့ ဖြစ်ပြီး၊ ကုမ္ပဏီတော်တော်များများကတော့ မချိတ်ဆက်ကြသေးဘူးလို့သိရပါတယ်။

**Source:** https://www.facebook.com/rfaburmese/?ref=page_internal

## အမေရိကန်သမ္မတ Donald Trump က ကိုရီးယားသမ္မတနိုင်ငံကို G7 ထိပ်သီး အစည်းအဝေးသို့ ဖိတ်ကြားရန်ဆန္ဒရှိနေခြင်းနှင့် ကိုရီးယားသမ္မတနိုင်ငံအနေဖြင့် မဟာမိတ်နိုင်ငံနှင့် ကုန်သွယ်မှုမဟာမိတ်နိုင်ငံတို့၏ပဋိပက္ခအကြား ရပ်တည်ရန်ခက်ခဲနေခြင်း

၂၀၂၀ ပြည့်နှစ်၊ ဇွန်လနှောင်းပိုင်းတွင် ဆောင်ရွက်ရန် မူလစီစဉ်ထားခဲ့ရာမှ ၂၀၂၀ ပြည့် နှစ်၊ စက်တင်ဘာလအထိ ရွှေ့ဆိုင်းလိုက်သော Group 7 (သို့မဟုတ်) G7 Summit ထိပ်သီး အစည်း အဝေးသို့တက်ရောက်ရန် ကိုရီးယားသမ္မတနိုင်ငံကို ဖိတ်ကြားသွားရန်စီစဉ်သွားမည်ဖြစ်ကြောင်း အမေရိကန်သမ္မတ Mr. Donald Trump က ပြောကြားခဲ့ကြောင်း၊ ယင်းအနေဖြင့် G7 Summit ကို ရွှေ့ဆိုင်းလိုက်ခြင်းမှာ လက်ရှိ G7 အဖွဲ့အနေဖြင့် ယခုကမ္ဘာပေါ်တွင် ဖြစ်ပေါ်နေသောအခြေအနေ များအတွက် သင့်လျော်သောရပ်တည်မှုတစ်ခုအဖြစ်ရှိနေနိုင်သည်ဟု မထင်မိသောကြောင့်ဖြစ်ကြောင်း၊ ထို့ပြင် G7 သည် စက်မှုနိုင်ငံများဖြင့် ဖွဲ့စည်းထားပြီး ခေတ်မမီတော့ကြောင်း၊ ယင်းအဖွဲ့ကိုတိုးချဲ့ခြင်းကို အပြည့်အဝထောက်ခံကြောင်းနှင့် ကိုရီးယားသမ္မတနိုင်ငံ၊ ဩစတြေးလျနိုင်ငံ၊ အိန္ဒိယ နိုင်ငံနှင့် ရုရှားနိုင်ငံတို့ကို ဖိတ်ကြားသွားမည်ဟု အမေရိကန်သမ္မတကပြောကြားခဲ့ကြောင်းသိရှိရ ပါသည်။

၁၉၇၅ ခုနှစ်မှစတင်၍ အမေရိကန်ပြည်ထောင်စု၊ ဗြိတန်၊ ဂျာမနီ၊ ပြင်သစ်၊ အီတလီ၊ ကနေဒါနှင့် ဂျပန်နိုင်ငံတို့သည် နှစ်စဉ် G 7 ထိပ်သီးအစည်းအဝေးကို ကျင်းပခဲ့ကြပြီး ကမ္ဘာ့စီးပွား ရေးရာစိန်ခေါ်မှုများကိုဆွေးနွေးခဲ့ကြကြောင်း၊ အမေရိကန်သမ္မတ Mr. Donald Trump အနေဖြင့် ဩစတေးလျ၊ အိန္ဒိယနှင့် ကိုရီးယားသမ္မတနိုင်ငံ တို့ကဲ့သို့ ကောင်းမွန်သည့်နိုင်ငံများပါဝင်သည့်အဖွဲ့ လိုအပ်ကြောင်း၊ ထို့ပြင် ဖြစ်နိုင်ပါက G 10 သို့ G 11 တွေ့ဆုံပွဲအစည်းအဝေး ဖြစ်စေလိုကြောင်း၊ သို့ရာတွင် G 7 အဖွဲ့ကို တိုးချဲ့ခေါ်ယူခြင်းမှာ အခြားအဖွဲ့ဝင်နိုင်ငံများ၏သဘောဆန္ဒလည်း လိုအပ်လိမ့်မည်ဖြစ်ကြောင်း သိရှိရပါသည်။

အဆိုပါကိစ္စနှင့်ပတ်သက်၍ တောင်ကိုရီးယားအစိုးရအနေဖြင့် အမေရိကန်ပြည်ထောင်စု၏ သက်ဆိုင်ရာအာဏာပိုင်များနှင့် ဆွေးနွေးသွားဖွယ်ရှိကြောင်း သမ္မတအိမ်ပြာတော်မှ ပြောရေးဆိုခွင့်ရှိသူတစ်ဦး၏ထုတ်ဖော်ပြောကြားချက်အရသိရှိရပါသည်။ တောင်ကိုရီးယားနိုင်ငံမှ ပါဝင်သည် ဖြစ်စေ၊ မပါဝင်သည်ဖြစ်စေ G 7 ထိပ်သီးအစည်းအဝေး သည်ကျင်းပမည်ဖြစ်သည့်အားလျော်စွာ ကိုရီးယားသမ္မတနိုင်ငံအနေဖြင့် အမေရိကန်ပြည်ထောင်စု နှင့်ရှိရင်းစွဲ မဟာမိတ်ဆက်ဆံရေးအပေါ်ကိုထောက်ရှုရမည့်အပြင် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် စီးပွားရေးမိတ်ဖက်အရဆက်ဆံရေးကို လည်းကြည့်ရမည်ဖြစ်ကြောင်း၊ သို့ရာတွင် တောင်ကိုရီးယား အနေဖြင့် အမေရိကန်သမ္မတ၏ ဖိတ်ကြားမှုကို လက်ခံကာ G 7 အစည်းအဝေးတွင် အခြားသော နိုင်ငံများနှင့် ညွှန့်ပေါင်းမဟာမိတ် ဖွဲ့ခြင်းကို ဆောင်ရွက်သင့်ကြောင်း၊ လက်ရှိအခြေအနေသည် တရုတ်နိုင်ငံ၏စီးပွားရေးအရကြီးစိုးခြယ်လှယ်မှုများကို တွန်းလှန်

သင့်သည့်အခြေအနေဖြစ်ကြောင်း၊ ထို့ပြင် G7 တွင် တစ်နေရာအမြဲလိုချင်လျက်ရှိသည့် ရုရှားနိုင်ငံကိုပင်လျှင်ဖိတ်ကြားခြင်းကိုကြည့်ခြင်းအားဖြင့် တရုတ်-ရုရှား ဆက်ဆံရေးအကြား သပ်လျှိုစေရေးရည်ရွယ်လျက် တရုတ်နိုင်ငံကို ဆန့်ကျင်သည့် ယာယီညွန့်ပေါင်းမဟာမိတ်အဖွဲ့ (Anti-China Coalition) ကို အမေရိကန်ပြည်ထောင်စုအနေဖြင့် ဦးတည်ဆောင်ရွက်လျက်ရှိသည်ကို သိသာစွာ သုံးသပ်နိုင်ပါကြောင်းဖြင့် မူဝါဒရေးရာလေ့လာသော Ansan Insticute ၏ဒုတိယဥက္ကဋ္ဌဖြစ်သူ Mr. Choi Kang မှ တယ်လီဖုန်းအင်တာဗျူးတစ်ခုတွင် ဖြေကြားခဲ့ကြောင်းသိရှိရပါသည်။

G 7 သည်ကမ္ဘာ့ဘဏ္ဍာရေးကဏ္ဍတွင် ဦးဆောင်လျက်ရှိသောနိုင်ငံများဖြင့်သာ ဖွဲ့စည်းထားသည်ဖြစ်ရာ ယခုအခါ ကုန်ထုတ်လုပ်မှုအားကောင်းသည့် တောင်ကိုရီးယားနှင့် အိန္ဒိယနိုင်ငံများကို အမေရိကန်နိုင်ငံအနေဖြင့် ထည့်သွင်းဖိတ်ကြားလာသည်ကိုကြည့်ခြင်းဖြင့် စီးပွားရေးတိုးတက်မှုတွင် ကုန်ထုတ်လုပ်မှု၏ကဏ္ဍသည်လည်း လွန်စွာအရေးပါခြင်းကို အသိအမှတ်ပြုခြင်းပင်ဖြစ်ကြောင်းလည်း အချို့သောပညာရှင်များက သုံးသပ်ကြပါသည်။

အမေရိကန်သမ္မတ Mr. Donald Trump က ၄င်း၏အုပ်ချုပ်ရေးအဖွဲ့အား ဟောင်ကောင် အတွက်အမေရိကန်၏ အထူးကုစားရေးအစီအစဉ်များအဆုံးသတ်ခြင်းစတင်ရန်နှင့်ဟောင်ကောင်၏ တစ်စိတ်တစ်ပိုင်းကိုယ်ပိုင်အုပ်ချုပ်ခွင့်စီရင်စု၏ လုပ်ပိုင်ခွင့်ကို ကျော်လွန်ထိန်းချုပ်သော အမျိုးသားလုံခြုံရေးဥပဒေအငြင်းပွားမှုတွင်ပါဝင်နေသည့် တရုတ်အရာရှိများအား ပိတ်ပင်မှုများကို ပြုလုပ် သွားရန်အတွက် အမိန့်ပေးခဲ့ကြောင်း၊ ထို့ပြင် တရုတ်နိုင်ငံအနေဖြင့် ၄င်းတို့ ထုတ်ထားသော One Country, Two Systems ဖော်မြူလာကို One Country, One system နှင့်အစားထိုးနေကြောင်း ပြောဆိုခဲ့သည်။ အမေရိကန်နိုင်ငံနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့တို့အကြား ဆက်ဆံရေးကိုလည်း တရုတ်နိုင်ငံက World Health Organization (WHO) ကို ကျော်လွန်ထိန်းချုပ်နေသည့်အတွက် ရပ်ဆိုင်းလိုက်ကြောင်းသိရှိရပါသည်။

တရုတ်နိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီးဌာနကလည်း အမေရိကန်နိုင်ငံ၏တရုတ်နိုင်ငံပြည်တွင်း ရေးရာကိစ္စရပ်များတွင် ဝင်ရောက်ပတ်သက်နေမှုများကိုရပ်တန့်သွားရန်နှင့် အကယ်၍ ဆက်လက် လုပ်ဆောင်နေပါက တရုတ်နိုင်ငံအနေဖြင့် လိုအပ်သည့် တန်ပြန်တုံ့ပြန်မှုများကို လုပ်ဆောင်သွား မည်ဖြစ်ကြောင်းပြောဆိုခဲ့သည်။ သို့ဖြစ်ရာ လက်ရှိအနေအထားများအရ ကိုရီးယားသမ္မတနိုင်ငံ အနေဖြင့် မဟာမိတ်နိုင်ငံဖြစ်သော အမေရိကန်နှင့် ကုန်သွယ်မှုမိတ်ဖက်နိုင်ငံဖြစ်သော တရုတ်နိုင်ငံတို့အကြားတွင် ရပ်တည်မှုခက်ခဲနေကြောင်း လေ့လာတွေ့ရှိရပါသည်။

အမေရိကန်နိုင်ငံအနေဖြင့် ယခုနှစ်တွင် G7 Summit ကို အလှည့်ကျကျင်းပရမည်ဖြစ်ပြီး၊ အမေရိကန်သမ္မတအနေဖြင့် ၂၀၂၀ ပြည့်နှစ်၊ မတ်လတွင် ကိုရိုနာဗိုင်းရပ်စ် ကပ်ရောဂါကြောင့် မျက်နှာစုံညီပြုလုပ်သည့် Summit ကိုဖျက်သိမ်းခဲ့ပြီး ၄င်းအစား Videoconference ဖြင့်အစားထိုး ပြုလုပ်ရန်စီစဉ်ခဲ့ကြောင်း၊ မေလ(၂၀)ရက်နေ့ ၄င်း၏ tweeter စာမျက်နှာတွင် G7 အစည်းအဝေးအား ဇွန်လတွင် Maryland, Camp David ၌ကျင်းပသွားရန် ဖော်ပြထားပြီးသော်လည်း G7 ခေါင်းဆောင်များ၏ ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါ စိုးရိမ်ပူပန်မှုများနှင့်အတူ ၄င်းတို့ထံမှ တုန့်ပြန်မှုများစွာကိုလည်း တွေ့နေရသည့်အတွက် အစည်းအဝေးကို ရွှေ့ဆိုင်းရန်အဆိုပြုပြီးနောက်G7 Summit ကိုနယူးယောက်မြို့၌ ကမ္ဘာ့ကုလသမဂ္ဂအထွေထွေညီလာခံကျင်းပပြုလုပ်မည့်အချိန် ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ(၁၅)ရက်နေ့(သို့မဟုတ်)အမေရိကန်သမ္မတရွေးချယ်ပွဲပြုလုပ်မည့် ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလနောက်ပိုင်းတွင် ကျင်းပသွားနိုင်သည်ဟု အမေရိကန်သမ္မတ ကပြောကြားခဲ့ကြောင်း သိရှိရပါသည်။

**Source: The Korea Times**

**စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ ဆိုးလ်မြို့**

## စင်ကာပူရှိ SMEs များ၏ ငှားရမ်းခစရိတ်သက်သာစေရေးအတွက် ဥပဒေပြဋ္ဌာန်း၍ ကူညီ

ကိုဗစ် ၁၉ ကပ်ရောဂါကြောင့် လုပ်ငန်းများဆက်လက်ရပ်တည်ရန် ရုန်းကန်နေရသော SMEs များအတွက် ငှားရမ်းခစရိတ်သက်သာစေရေး ကူညီပေးနိုင်ရန် စင်ကာပူပါလီမန်က ဇွန်လ ၅ ရက်နေ့ တွင် ဥပဒေပြဋ္ဌာန်းပေးခဲ့ကြောင်း သိရှိရပါသည်။

ယင်းဥပဒေအရ ဧပြီလနှင့် မေလတွင် ပျမ်းမျှလစဉ်ဝင်ငွေ ၃၅ ရာခိုင်နှုန်းနှင့်အထက် ကျဆင်းမှုကြုံတွေ့ခဲ့သော SMEs များသည် ငှားရမ်းခပေးသွင်းရခြင်းမှ ကင်းလွတ်သက်သာခွင့်များ ရရှိနိုင်မည်ဖြစ်ပါသည်။ စားသောက်ကုန်၊ အဖျော်ယမကာနှင့် အရောင်းအဝယ်လုပ်ငန်းများအတွက် ဧပြီလမှ ဇူလိုင်လအထိ (၄) လကို အစိုးရနှင့် အဆောက်အဦပိုင်ရှင်တို့မှ (၂)လစီ ငှားရမ်းခကင်းလွတ်ခွင့်ပေးမည်ဖြစ်ပါသည်။ အလားတူ ရုံးခန်းနှင့်စက်ရုံအလုပ်ရုံများငှားရမ်း၍ ဆောင်ရွက်သော လုပ်ငန်းများ အတွက်

ပြေးလမှ မေလအထိ (၂) လကို အစိုးရနှင့် အဆောက်အဦပိုင်ရှင်များက (၁)လစီ ငှားရမ်းခ ကင်းလွတ်သက်သာခွင့် ရရှိရန် ပံ့ပိုးပေးရမည်ဖြစ်ပါသည်။

ထိုသို့ လုပ်ငန်းများဆက်လက်ရပ်တည်နိုင်ရန် အစိုးရက ယာယီအားဖြင့် အထောက်အကူပြုရေး စီမံဆောင်ရွက်ပေးလျက်ရှိသော်လည်း စီးပွားရေးအခြေအနေပိုမိုဆိုးဝါးလာပါက အလားအလာကောင်းရှိသောလုပ်ငန်းများနှင့် ခိုင်မာမှု ရှိသော လုပ်ငန်းများသာ ရေရှည်ရှင်သန်လုပ်ကိုင်နိုင်မည် ဖြစ်ကြောင်း ဥပဒေရေးရာဝန်ကြီး K. Shanmugam က ပြောကြားခဲ့ ပါသည်။ ကိုဗစ် ၁၉ ၏ သက်ရောက်မှုဒဏ်များကို ကုစားနိုင်ရန် အစိုးရ၏ အစီအမံများတွင် အစိုးရကစီမံခန့်ခွဲသော အဆောက်အဦများ၏ ငှားရမ်းခများကို လျှော့ပေါ့ပေးခြင်းနှင့် ကင်းလွတ်ခွင့်ပြုခြင်းတို့ဖြင့် လုပ်ငန်းများ၏ ကုန်ကျစရိတ် သက်သာစေရေး ပံ့ပိုးပေးမှုအစီအစဉ်များပါဝင်သကဲ့သို့ ပုဂ္ဂလိကလုပ်ငန်းပိုင်ဖြစ်သော ဟိုတယ်နှင့်အပန်းဖြေစခန်းများ အပါ အဝင် ဈေးဝယ်စင်တာနှင့် ကုန်တိုက်များ၊ ရုံးခန်းဖွင့်လှစ်ရန်၊ စက်ရုံအလုပ်ရုံတည်ထောင်ရန်၊ ပြပွဲနှင့်အခမ်း အနားများ ကျင်းပပြုလုပ်ရန် ငှားရမ်းပေးသော အဆောက်အဦများအတွက် လုပ်ငန်းများက အစိုးရသို့ပေးဆောင်ရသော မြေနှင့် အဆောက်အဦပိုင်ဆိုင်မှုအခွန်ကို လျှော့ပေါ့ပေးခြင်းနှင့် ကင်းလွတ်ခွင့်ပြုခြင်းစသည့်အစီအစဉ်များလည်း ပါဝင်ပါသည်။ ဤသို့ အခွန်ကင်းလွတ်သက်သာခွင့်များကိုရရှိခဲ့သော အဆောက်အဦးပိုင်ရှင်များအနေဖြင့် ၎င်းတို့၏အဆောက်အဦးများတွင် ငှားရမ်း လုပ်ကိုင်သူများထံသို့ ထပ်ဆင့်ကူညီပေးကြရန် အစိုးရကတိုက်တွန်းနှိုးဆော်ခဲ့သော်လည်း ပိုင်ရှင်အများစုမှာ ခြေလှမ်း တွန့်ဆုတ်နေကြသည့်အတွက် ယခုကဲ့သို့ ဥပဒေတွင် ထည့်သွင်းပြဋ္ဌာန်းခဲ့ရကြောင်းသိရှိရပါသည်။

**Source: The Straits Times**

**စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ စင်ကာပူ**

## STOCK EXCHANGE (16.6.2020)

YANGON STOCK EXCHANGE

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

### Stock trading data

As of 16th Jun. 2020


**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 10,500 | +0 | +0.00% | 10,500 | 11,000 | 10,500 | 3,842 | 40,354,500 | 27,112,747 | 284,684 |
| MTSH | 00002 | 3,800 | +0 | +0.00% | 3,800 | 3,800 | 3,750 | 1,731 | 6,546,450 | 38,929,150 | 147,931 |
| MCB | 00003 | 8,200 | -100 | -1.20% | 8,200 | 8,200 | 8,200 | 21 | 172,200 | 10,400,986 | 85,288 |
| FPB | 00004 | 23,000 | -500 | -2.13% | 23,000 | 23,500 | 23,000 | 1,196 | 27,508,500 | 2,472,053 | 56,857 |
| TMH | 00005 | 2,850 | -50 | -1.72% | 2,900 | 2,900 | 2,850 | 4,071 | 11,602,600 | 12,823,224 | 36,546 |
| EFR | 00006 | 2,700 | +0 | +0.00% | 2,700 | 2,700 | 2,700 | 6,286 | 16,972,200 | 19,977,223 | 53,939 |

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 447.09 | -1.96 | -0.44% | 448.22 | 457.46 | 446.91 | 17,147 | 103,156,450 | 6 | 665,245 |

**Index chart**



## Market Overview

As of 1:00 pm, 16th Jun. 2020

| MYANPIX | 447.09 ▼1.96 |
|---|---|
| Total Volume (shares) | 17,147 |
| Total Value (MMK) | 103 mil |
| Listed Company | 6 |
| Market Cap. (MMK) | 665,245 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 10,500 | ▲0 |
| MTSH | 00002 | 3,800 | ▲0 |
| MCB | 00003 | 8,200 | ▼100 |
| FPB | 00004 | 23,000 | ▼500 |
| TMH | 00005 | 2,850 | ▼50 |
| EFR | 00006 | 2,700 | ▲0 |

TIR